မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့သတ်ဘဏ္ဍာနှစ်အတွက်

# ဘဏ္ဍာရေးရှင်းတမ်းအခြေအနေ

# နှင့်

# လုပ်ငန်းဆောင်ရွက်မှုများ၏ ရလဒ်များအပေါ်

# စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်၊ လေ့လာသုံးသပ်ချက်များ

**စီမံခန့်ခွဲရေး၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ(MD & A)**

ယခုဖော်ပြသွားမည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်(အများပိုင် "ကုမ္ပဏီ" သို့မဟုတ် "MCB") ၏ ငွေကြေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများ၏ ရလဒ်များအပေါ် စီမံခန့်ခွဲရေး၏ ဆွေးနွေးချက်နှင့် စိစစ် လေ့လာချက်များ ("MD&A") အား မြန်မာနိုင်ငံစာရင်းကိုင် စံသတ်မှတ်ချက် (MAS) နှင့်အညီ ပြင်ဆင်ထားပြီး၊ (၂၀၁၈) ခုနှစ်၊ မတ်လ (၃၁)ရက် ဘဏ္ဍာနှစ်ကုန်အထိ စစ်ဆေးထားပြီးဖြစ်သည့် ပြင်ပစာရင်းစစ် အစီရင်ခံစာနှင့် ဆက်စပ် ဖတ်ရှုရန် ဖြစ်သည်။

(၂၀၁၈) ခုနှစ်၊ မတ်လ (၃၁) ရက် နှစ်ကုန်ပိုင်းအထိပြုစုထားသောကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာ အပါအဝင် ကုမ္ပဏီ၏ အခြားသော သတင်းအချက်အလက်များနှင့် ကာလအပိုင်းအခြားအလိုက် ပြုစုထားသော ငွေစာရင်းရှင်းတမ်းများအား ysx-mm.com တွင် ဝင်ရောက်လေ့လာ ဖတ်ရှုနိုင်ပါသည်။ ဤMD&Aတွင် ပါရှိသော ငွေကြေးပမာဏအားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပါသည်။

**ဘဏ်၏ အချက်အလက်များ**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်အား မြန်မာနိုင်ငံအထူးကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီမှတ်ပုံတင်ရုံး၏ (၁၉၉၁) ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့ရက်စွဲပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၇၄/၉၁-၉၂)တို့နှင့်အညီ အများပိုင်ကုမ္ပဏီတစ်ခု အနေဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခု ဖြစ်ပါသည်။ ဘဏ်၏ခွင့်ပြု မတည်ရင်းနှီးငွေမှာ ကျပ်(၇၅) ဘီလီယံဖြစ်ပြီး၊ ထည့်ဝင်ပြီး မတည်ရင်းနှီးငွေမှာ ကျပ်(၅၂)ဘီလီယံ ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်၏ ရုံးချုပ်သည် အမှတ် (၂၅၆/၂၆၀)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

| မြန်မာနိုင်ငံသားများဘဏ်လီမိတက် | | | | |
|---|---|---|---|---|
| စစ်ဆေးမှုပြုထားပြီးဖြစ်သည့် ဝင်ငွေရှင်းတမ်းအချုပ် | | | | |
| ကျပ်သန်းပေါင်း | | | | |
| | နှစ်ကုန်ပိုင်း | | အတက်/(အကျ) | |
| | ၃၁.၃.၂၀၁၈ | ၃၁.၃.၂၀၁၇ | ပမာဏ | % |
| Interest Income | ၂၃,၁၄၅ | ၂၀,၉၈၀ | ၂,၁၆၅ | ၁၀.၃၂ |
| Interest Expense | -၁၃,၉၃၃ | -၁၁,၅၃၈ | -၂,၃၉၅ | ၂၀.၇၆ |
| Net Interest Income | ၉,၂၁၂ | ၉,၄၄၂ | -၂၃၀ | -၂.၄၄ |
| Other Income | ၃,၉၆၇ | ၄,၄၁၆ | -၄၄၉ | -၁၀.၁၇ |
| Total Revenue | ၁၃,၁၇၉ | ၁၃,၈၅၈ | -၆၇၉ | -၄.၉ |
| Total Expenses | -၉,၂၂၀ | -၆,၀၄၀ | -၃,၁၈၀ | ၅၂.၆၅ |
| Profit before Income | ၃,၉၅၉ | ၇,၈၁၈ | -၃,၈၅၉ | -၄၉.၃၆ |

| မြန်မာနိုင်ငံသားများဘဏ်လီမိတက် | | | | |
|---|---|---|---|---|
| စစ်ဆေးမှုပြုထားပြီးဖြစ်သည့် လက်ကျန်ရှင်းတမ်းအချုပ် | | | | |
| ကျပ်သန်းပေါင်း | | | | |
| | သက်မှတ်ရက်များအလိုက် လက်ကျန်ရှင်းတမ်း | | အတက်/(အကျ) | |
| **Assets** | **၃၁.၃.၂၀၁၈** | **၃၁.၃.၂၀၁၇** | **ပမာဏ** | **%** |
| Cash in Hand & Bank | ၄၆,၀၈၅ | ၂၆,၂၁၄ | ၁၉,၈၇၁ | ၇၅.၈ |
| Loans & Advance | ၁၈၈,၂၅၃ | ၁၅၉,၇၁၈ | ၂၈,၅၃၅ | ၁၇.၈၇ |
| Investment & T-Bond | ၅၇,၅၁၁ | ၄၇,၄၉၂ | ၁၀,၀၁၉ | ၂၁.၁ |
| Property & Equipment | ၁၂,၉၄၇ | ၁၀,၂၆၁ | ၂,၆၈၆ | ၂၆.၁၈ |
| Other Assets | ၅,၃၅၄ | ၆,၃၅၆ | -၁,၀၀၂ | -၁၅.၇၆ |
| **Total Assets** | **၃၁၀,၁၅၀** | **၂၅၀,၀၄၁** | **၆၀,၁၀၉** | **၁၂၅.၁၈** |
| | | | | |
| **Liabilities** | | | | |
| Deposit from Customer | ၂၂၀,၁၅၃ | ၁၆၃,၉၇၀ | ၅၆,၁၈၃ | ၃၄.၂၆ |
| Other Liabilities | ၂၀,၃၀၀ | ၁၉,၆၁၈ | ၆၈၂ | ၃.၄၈ |
| **Total Liabilities** | **၂၄၀,၄၅၃** | **၁၈၃,၅၈၈** | **၅၆,၈၆၅** | **၃၇.၇၄** |
| **Equity** | | | | |
| **Issued & Paid up Capita** | ၅၂,၀၀၅ | ၅၂,၀၀၅ | - | ၀ |
| **Share Premium** | ၅,၁၀၉ | ၅,၁၀၉ | - | ၀ |
| **Other Reserves** | ၁၂,၅၇၂ | ၉,၃၃၀ | ၃,၂၄၂ | ၃၄.၇၅ |
| **Total equity** | **၆၉,၆၉၆** | **၆၆,၄၅၄** | **၃,၂၄၂** | **၃၄.၇၅** |

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါကယခု ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်ထိ အစီရင်ခံစာအရဘဏ်အနေဖြင့် အဓိက စီးပွားရေးနယ်ပယ်များ၌ ခိုင်မာသော တိုးတက်ဖွံ့ဖြိုးမှု ရရှိထားပါသည်။ ဤအောင်မြင်ခြင်းသည် ပြင်ပဈေးကွက်ဖိအား၊ အသစ်ပြဌာန်းလိုက်သော ဥပဒေများကြောင့် ဖြစ်ပေါ်ခဲ့သော ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အလမ်းနည်းပါးခြင်း၊ ရန်ပုံငွေစရိတ်မြင့်မားခြင်း၊ အပြောင်းအလဲများသောပမာဏ သတ်မှတ်မှုဉ်းများနှင့် ငွေကြေး နှုန်းထားမတည်ငြိမ်ခြင်း ကဲ့သို့သော အမျိုးမျိုးသော စိန်ခေါ်ချက်များအား ကျော်လွှားကာရရှိထားခြင်း ဖြစ်ပါသည်။

Fund Based Income (FBI)

ဘဏ်၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သည့် အသားတင်အတိုးဝင်ငွေ (NII)သည် ဘဏ်လုပ်ငန်းဝင်ငွေ စုစုပေါင်း၏ ၅၉% အထက်ဖြစ်သော်လည်း နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ယခုဘဏ္ဍာနှစ်တွင် ၂.၆၂% (ငွေကျပ် သန်းပေါင်း ၂၄၈ သန်း) ကျဆင်းခဲ့ပြီး၊ အဓိကအားဖြင့် ရန်ပုံငွေစရိတ် မြင့်မားခြင်းကြောင့် ဖြစ်ပါသည်။

**အခြားသောဝင်ငွေ**

အခြားသော ဝင်ငွေ ရင်းမြစ်များဖြစ်သည့် Non-Fund Based Fees Income (NFBFI) နှင့် Fund Based Fees Income (FBFI) နှစ်ခုပေါင်း ဝင်ငွေသည် ယခုနှစ်အတွင်း ၂.၆၀ ဘီလီယံကျဆင်းခဲ့ပြီး အဓိကအားဖြင့် ဈေးကွက်အခြေအနေနှင့် အညီ ပြန်လည်ပြင်ဆင်ထားရှိသော နှုန်းထား သတ်မှတ်မှုပုံစံအသစ်ကြောင့် ဖြစ်ပါသည်။ နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်းတွင်း အမြတ်ရရှိမှု ယခင်ထက် လျော့နည်းခဲ့သော်လည်း ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်ရာတွင် တန်ဖိုး လျော့ခြင်းများကြောင့်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ဤဝင်ငွေ ရင်းမြစ်တွင် ဘဏ်အာမခံပေးခြင်း၊ လက်ခံခြင်းနှင့် ထောက်ခံခြင်းတို့အပေါ် ရရှိသောကော်မရှင်များ ပါဝင်ပါသည်။

**လုပ်ငန်းပိုင်ဆောင်ရွက်မှု အသုံးစရိတ်များ**

ဘဏ်၏ လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များနေနှင့် ယခင် ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက်ကုန်ဆုံး သော ဘဏ္ဍာနှစ်တွင်ကျပ် (၈.၂၆) ဘီလီယံရှိခဲ့ရာမှ ယခုနှစ် စောင့်ကြည့်ကာလအတွင်း ကျပ် (၉.၂၃) ဘီလီယံအထိ တိုးမြင့်လာရာ နှစ်အလိုက်အားဖြင့် (၁၁.၅၇%) မြင့်တက်လာခဲ့သည်။ ဤမြင့်တက်လာမှုသည် အဓိကအားဖြင့် ဘဏ်ခွဲများ ပြင်ဆင်ခြင်း၊ ဘဏ်အားဈေးကွက်တွင် ပြန်လည်နေရာယူနိုင်ရန် အသုံးပြုသော စရိတ်နှင့် လစာပေးနှုန်း မြင့်မားလာခြင်း၊ လုပ်ငန်းပိုင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဖွဲ့စည်းမှုပုံစံနှင့် အညီ လစ်လပ်နေရာများ ဖြည့်စွက် ခန့်အပ်ရခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စရပ်များအတွက် အသုံးစရိတ်များကြောင့် ဖြစ်ပါသည်။

**အမြတ်အစွန်း**

အခွန်မဆောင်မီအမြတ်သည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက (၄၉.၄၃%) ကျဆင်းခဲ့ပြီး၊ အဓိကအားဖြင့် ဝန်ဆောင်မှု၊ ငွေကြေးလဲလှယ်မှုများမှ ရရှိသောဝင်ငွေများ သိသိသာသာလျော့ကျခြင်း၊ လုပ်ငန်းဆောင်ရွက်မှု အသုံးငွေပိုများခြင်း၊ ပျမ်းမျှရန်ပုံငွေစရိတ်၊ ချေးငွေတိုးမှုတို့နှင့် နှိုင်းယှဉ်ပါက အပ်ငွေတိုးမှုပိုများသည့်အတွက် ငွေဖြစ်လွယ်မှုကြောင့်ဖြစ်ပြီး၊ ဘဏ်၏ အခြေခံအဆောက်အအုံ အပြောင်းအလဲများအတွက် အထွေထွေ အသုံးစရိတ် အများအပြား အသုံးပြုရခြင်းကြောင့်လည်း သက်ရောက်မှု ဖြစ်ပေါ်ခဲ့ပါသည်။

**လုပ်ငန်းပိုင်းတိုးတက်မှု**

မြန်မာနိုင်ငံသားများဘဏ် အနေဖြင့် (၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ် အလားတူကာလရှိ အပ်ငွေနှင့် ချေးငွေ ပမာဏမှာ ကျပ် (၂၂၀.၁၅) ဘီလီယံနှင့် ကျပ် (၁၈၈.၂၅) ဘီလီယံ အသီးသီးရှိခဲ့ပြီး (၂၀၁၇-၂၀၁၈) ဖြင့်နှိုင်းယှဉ်ပါက စုစုပေါင်း အပ်ငွေပမာဏ ကျပ် (၄၉.၈၁) ဘီလီယံနှင့် ချေးငွေပမာဏ ကျပ် (၂၈.၄၂) ဘီလီယံ တိုးမြင့်ခဲ့သည်။ အထူးသဖြင့် အငှားဝယ်စနစ်ဖြင့် ထုတ်ချေးယူငွေ ပိုမိုများခဲ့သည်။

ချေးငွေဆုံးရှုံးမှုလျာထားငွေ၊ အရင်းနှင့်အတိုးပြန်ဆပ်ရန် ပျက်ကွက်သောချေးငွေများ (NPL) အပေါ် အခြေခံသော အမြတ်ဝေစုခွဲဝေရန် သတ်မှတ်ချက်နှင့် စပ်လျဉ်း၍ မကြာသေးမီက ထုတ်ပြန်ခဲ့သော ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာများကြောင့် လက်ရှိချေးငွေပုံစံအား ပြန်လည်စိစစ်ကာ ချေးငွေဆုံးရှုံးမှုကို

ရှောင်ရှားနိုင်မည့် ပိုမိုအဆင်ပြေသော ဈေးငွေမျိုးအပေါ်တွင် အာရုံစိုက် လုပ်ကိုင်လိုခြင်းကြောင့် မိမိတို့ဘဏ်အနေဖြင့် ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိနှစ်အတွင်း ဈေးငွေတိုးမှုနှုန်းတွင် သက်ရောက်မှုရှိခဲ့ပါသည်။

**အခြားသတင်းအချက်အလက်များ**

(၂၀၁၇) ခုနှစ်သည် မြန်မာနိုင်ငံသားများဘဏ်၏ ၂၅ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပနိုင်ခဲ့သော အရေးကြီးသည့် နှစ်တစ်နှစ်ဖြစ်သည်။ စတင်တည်ထောင်ခဲ့သည့် (၁၉၉၁) ခုနှစ်မှစ၍ ဘဏ်နေနှင့် ၄င်း၏ လုပ်ငန်းဆောင်ရွက်မှု ကဏ္ဍတိုင်းတွင် တိုးတက်မှုများ ရှိခဲ့ပါသည်။

**ဘဏ်၏ ပုံရိပ်အားမြှင့်တင်ခြင်း၊ ဈေးကွက်တွင် နေရာယူခြင်းနှင့် ဘဏ်ခွဲများဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံသားများဘဏ်သည် (၂၀၁၇)ခုနှစ်အတွင်း ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ခဲ့ရာတွင် ကြီးမားသော ခြေလှမ်းတစ်ရပ်အား လျှောက်လှမ်းနိုင်ခဲ့သည်။ ဘဏ်အနေဖြင့် မဟာဗျူဟာမြောက် ပုံရိပ်အားပြန်လည်မြှင့်တင်ခြင်းဖြင့် ဘဏ်လုပ်ငန်းနယ်ပယ် အသီးသီးတွင် အဆင့်တစ်ဆင့်ရယူနိုင်ခဲ့ပြီး၊ ဖောက်သည်များ၏ စိတ်ဝင်စားမှုများသာမက လုပ်ငန်းပိုင်းအသိအမှတ်ပြုမှုကိုပါ ရရှိခဲ့ပါသည်။ လက်ရှိဘဏ်ခွဲများအား အားသစ်လောင်းရာတွင် ဘဏ်ခွဲသစ်များဖြင့် အားဖြည့်တင်းပေးခြင်းဖြင့် ဘဏ်ခွဲကွန်ယက် တိုးချဲ့ခြင်း တို့ကြောင့် မြန်မာနိုင်ငံသားများဘဏ်၏ ပုံရိပ်အား ပိုမိုခိုင်မာစေခြင်းသည် တိုးတက်ခဲ့သော အပြောင်းအလဲ ဖြစ်စဉ်များ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ (၂၀၁၈) ခုနှစ် စက်တင်ဘာလအထိ အနည်းဆုံး ဘဏ်ခွဲပေါင်း (၃၃)ဘဏ် ဖွင့်လှစ်နိုင်ရန် ဘဏ်ခွဲ (၅) ဘဏ်အား ထပ်မံဖွင့်လှစ်ခြင်းဖြင့် ဘဏ်ခွဲကွန်ယက်ကို ချဲ့ထွင်ထားပါသည်။

**ထုတ်ကုန်၊ ဝန်ဆောင်မှုအသစ်များနှင့် အစီအစဉ်များ**

မြန်မာနိုင်ငံသားများဘဏ်သည် ပုံရိပ်မြှင့်တင်ခြင်း နှင့်အတူ ထုတ်ကုန်များ၊ ဝန်ဆောင်မှုများအားလည်း တိုးမြှင့်ဝန်ဆောင်ပေးလျှက် ရှိပါသည်။ ငွေရတုပွဲကျင်းပ၍ဈေးကွက်အတွင်း (၁) လမှ (၁၂) လအထိ ရှိသော သတ်တမ်းအလိုက် အပ်ငွေများအကြား "ငွေရတုအထိမ်းအမှတ် စာရင်းသေအပ်ငွေ" အစီအစဉ်ကို အကောင်းဆုံးသော နှုန်းထားများဖြင့် သစ္စာရှိစွာ အစဉ်ဆက်ဆံလျက်ရှိသော ဖောက်သည်များအတွက် မိတ်ဆက်ပေးခဲ့ပါသည်။ ငွေရတုငွေစုအစီအစဉ်သည် ဖောက်သည်များအတွက် ကျေးဇူးတုံ့ပြန်မှုဖြစ်ပြီး၊ ဖောက်သည်ဗဟိုပြုဝန်ဆောင်မှုများနှင့် ထုတ်ကုန်အစီအစဉ်များအား စီစဉ်ပေးနိုင်ရန်အတွက် ကြိုးပမ်းမှုလည်း ဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ် အနေဖြင့် ထုတ်ကုန်များအား ပုံစံကွဲများစွာ စီစဉ်ထားရှိခြင်းနှင့် အမျိုးမျိုးသော ဝင်ငွေရရှိနိုင်မည့် လမ်းကြောင်းများ ဖန်တီးခြင်း စသဖြင့် စိတ်ဝင်စားဖွယ် ထုတ်ကုန်သစ်များ၊ ဝန်ဆောင်မှု ပုံစံသစ်များစွာ စီစဉ်ထားရှိနိုင်ပြီဖြစ်ပါသည်။

ဘဏ်၏ လက်လီချေးငှားမှုဈေးကွက် တိုးချဲ့ရန်အတွက် (၂၀၁၈) ခုနှစ်တွင် Samsung ကဲ့သို့ အမည်ဂုဏ်သတင်းကောင်းသော အမှတ်တံဆိပ်များနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လက်လီချေးငှားခြင်း လုပ်ကိုင်မှုတွင် စိန်ခေါ်မှုများ၊ အခက်အခဲများရှိသော်လည်း၊ လက်ရှိလက်လီဈေးကွက်တွင် အောင်မြင်နိုင်ရန် ဤရောင်းချမှုပုံစံအား အကောင်းဆုံး ကိုင်တွယ်လုပ်ကိုင်ရန်၊

မြန်မာနိုင်ငံသားများဘဏ်နှင့် Samsung တို့ပူးပေါင်းကာ နည်းပညာ၊ ဈေးကွက်အတွေ့အကြုံတို့ဖြင့် စနစ်အား တိုးတက်ကောင်းမွန်စေခဲ့သည်။ ရေ့ဆက်၍ မြန်မာနိုင်ငံသားများဘဏ်သည် အောင်မြင်သောအခြားသော တွဲဖက်လုပ်ငန်းရှင်များနှင့် ဆက်ဆံရေးအပြင် အထူးသဖြင့်ဖောက်သည်များနှင့် ရေရှည်တည်တံ့သော ဆက်ဆံရေးသည် မြန်မာနိုင်ငံအတွင်း ဘဏ်လုပ်ငန်းလုပ်ကိုင်ရာတွင် အောင်မြင်စေသည့် အချက်များထဲမှ အရေးအကြီးဆုံး အချက်အနေဖြင့် အခိုင်အမာယုံကြည်ထားပါသည်။

မြန်မာနိုင်ငံသားများဘဏ်သည် ဘဏ်၏ပုံရိပ်ကို အလုံးစုံ ပြန်လည်မြှင့်တင်ရန် အားထုတ်လုပ်ဆောင်ခြင်းများ၊ ဒစ်ဂျစ်တယ်လ် စနစ်ပြောင်းလဲခြင်းများနှင့် အတူဖောက်သည်များအတွက် ထုတ်ကုန်သစ်နှင့် ဝန်ဆောင်မှု များစွာကို စီစဉ်မိတ်ဆက်ပေးခြင်းတို့အား တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လျှက် ရှိပါသည်။

**Core Banking စနစ်သစ် (CBS)**

မြန်မာနိုင်ငံသားများဘဏ်သည် ဒစ်ဂျစ်တယ်လ်စနစ်ပြောင်းလဲခြင်းအတွက် အရေးကြီးသောခြေလှမ်းများကို (၂၀၁၈) ခုနှစ်တွင် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီအတွင်းကမ္ဘာတွင် ဦးဆောင်နေသည် Core Banking System များအနက်မှ တစ်ခုဖြစ်သော Temenos T24 Core Banking Systemနှင့် လက်မှတ်ရေးထိုးကာဘဏ်၏ ဒစ်ဂျစ်တယ်လ်စနစ်ပြောင်းလဲခြင်းကိုစတင်ခဲ့သည်။ ဈေးကွက်အတွင်း အခြားသောပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရန်၊ ထုတ်ကုန်၊ ဝန်ဆောင်မှုအမျိုးမျိုးအား စီစဉ်ပေးရန်အတွက် တည်ငြိမ်၍ စိတ်ချရသော CBS သည် အဓိကသော့ချက် ဖြစ်သည်။ Temenos နှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် အများပြည်သူအတွက် ဆန်းသစ်သော Fintech ထုတ်ကုန်များ၊ ဝန်ဆောင်မှုများကိုအမြဲတစေပြောင်းလဲရန် လိုအပ်နေမှုအား အရည်အသွေးပြည့်မီ ကိုက်ညီစေမည့် ဒစ်ဂျစ်တယ်လ်ဘဏ်စနစ် ဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံသားများဘဏ်သည်လည်း အပါအဝင်ဖြစ်သည်ကို မြင်တွေ့ရမည် ဖြစ်ပါသည်။(၂၀၁၈) ခုနှစ်တွင် Core Banking စံနစ်အသုံးပြု၍ ထုတ်ကုန်သစ်များ၊ ဒစ်ဂျစ်တယ်လ်ဘဏ်စနစ် ထုတ်ကုန်များအား ဈေးကွက်အတွင်းသို့ မိတ်ဆက်ခြင်းဖြင့် ဘဏ်များ၏ ဈေးကွက်ပုံစံ အပြောင်းအလဲတွင် ပိုမိုကောင်းမွန်စွာ လိုက်လျောညီထွေမှု ရှိသော နည်းပညာအား ကြိုဆိုသော အနာဂတ်ကို အမြဲကြိုတင်မျှော်တွေးလုပ်ကိုင်သော ဘဏ်တစ်ခုအဖြစ် မြန်မာနိုင်ငံသားများဘဏ်အား ရပ်တည်စေမည် ဖြစ်သည်။

ဒါရိုက်တာအဖွဲ့